ကျောင်းသားသူငယ်တန်းစာအုပ်များ
www.myanmarngyoe.com

ပိ-မိုးနှင်း

ဝတ္ထုကို ဖြစ်ပုံ



mgyoe.com



1008003
800.00
mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ ပိုးနင်း
မျက်နှာပုံးပန်းချီ - တော်တီဆွေ
အတွင်းသရုပ်ဖော် - ကိုကိုနိုင်
စာမျက်နှာ ၇၀ မျက်နှာ၊ ၁၂•၀ စင်တီ× ၁၀•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး စိတ်ကူးချီချိုစာပေ(၀၀၅၃၀)၊ ဂျု၊ ဘင့်လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချီချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ဘဂျု၊ မစိုးရိမ်လမ်း၊ ရန်ကင်း၊
၂၀၁၃၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၈၀၀ ကျပ်

email: skccph@gmail.com ; P.O.Box: 705
www.facebook.com/SKCCmyanmarbook
www.skccmyanmarbook.com

mgyoe.com

mgyoe.com

စိတ်ကူးချို့ချို့စာအုပ်

ဝတ္ထုတို ၅ ပုဒ်

ပီမိုးနင်း

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

စာပေဗိမာန် ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

မာတိကာ

၁။ အိမ်နီးချင်း ၁

၂။ ကျောက်ဆင်းတု ၇

၃။ ဘေဘီ အော်စတင် ၂၁

၄။ စိန်စိန့်မာန ၁၄

၅။ မကောင်းဥာဏ်နှင့် ဘေးဒဏ် ၇၄

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

အိမ်နီးချင်း

"ဆရာ... အခုတလော ဟိုဘက်ခန်းက ဘာဖြစ်သလဲ မသိဘူး၊ စောင်းသလိုလို ပြောင်သလိုလိုနဲ့ စကားလည်း မပြောဘူး၊ ဘာများ ပတ္တလာကျိုဖြစ်သလဲ မသိဘူး"

ဆရာလှ။ "ဘယ်သူလဲ၊ အရေးစိုက်လို့"

မယ်ခင်။ "ဘယ်သူရမလဲ ဆရာရဲ့၊ မိချို့တို့ ညီအစ်မပေါ့၊ ခါတိုင်းဆိုရင် ကူးလို့ သန်းလို့၊ မီးဖိုချောင်ကို ဝင်ပြီး ဆားနှိုက် ကြက်သွန်နှိုက်၊ အခုတော့ မျက်စောင်းတောင် မထိုးဘူး"

"နင်က ဘာလုပ်မိလို့လဲ"

"ကျွန်မ ဘာမှ မလုပ်မိပါဘူး၊ ဩော်... သတိရပါပြီ၊ သုံးလေးရက်လောက်က အိမ်က ကောင်မ ဟိုတိရစ္ဆာန်မ မိအေး မီးဖိုချောင်မှာ ဆားအိုးကို ဖွင့်ထားတယ်၊ အိမ်မြောင်တစ်ကောင်က အိုးနှုတ်ခမ်းမှာ တက်နေတယ်၊ ကျီးကန်းတစ်ကောင်ကလည်း နှိုက်တော့မလို့ လုပ်နေတယ်၊ ဒါနဲ့ ကျွန်မက ဆူတယ်၊ ကျွန်မဆူတော့ သူတို့ ရယ်မောနေရာက အသံတိတ်သွားတယ်၊ အဲဒီကတည်းက စပြီး သုန်မှုန်နေတာပဲ၊

mgyoe.com

mgyoe.com

သူတို့ကို စောင်းတယ်ထင်လို့ပေါ့"

"ဒီလိုကောင်မတွေ အရေးစိုက်လို့၊ သူတို့မောင် ချစ်တီးက လူမိုက်၊ အရင် မယ်ပိုတို့နေတုန်းကလည်း စားရသောက်ရရင် တစ်မျိုး၊ မစားရရင် တစ်မျိုး၊ ပြီး သူတို့မောင်နဲ့ တိုက်ပေး၊ ဟိုခွေးမသား လူမိုက်က မယ်ပိုကို ပါးရိုက်လို့ ထောင်ခြောက်လ ကျသွားပါရောလား"

"ဒီလိုဖြင့် ကျွန်မ ကြောက်တယ် ဆရာရဲ့၊ ကျွန်မတို့ လူမိုက်တွေ ဘာတွေနဲ့ နီးနီးကပ်ကပ် မနေချင်ဘူး"

"ဘာကြောက်ရမလဲ ငါရှိတယ်၊ ငါတို့လို အိမ်နီးချင်းမျိုးဆိုတာ စောင့်ရှောက်ရတာ၊ ဘာမှ မပူနဲ့၊ နင့်ခြေအောက်ကို သူတို့အားလုံး ရောက်အောင် ငါလုပ်မယ်၊ အခုအတောအတွင်းမှာ ငြိမ်ငြိမ်ကလေးနေ၊ ဘာမှ သတိမထားသလိုနေ၊ ငါ ဓာတ်ရိုက်ပြမယ်၊ နက္ခတ်မကြဲသေးလို့၊ တနင်္ဂနွေပြောင်းဖို့ ရက်ကလေး လိုနေတယ်"

"ဆရာ့ဟာ ဘယ်လောက်ကြာနေမှာလဲ၊ စောင်းတာ မြောင်းတာတွေကို ကျွန်မ ခံနေရမှာလား"

"ခံနေ... မကြားဟန်ဆောင်နေ၊ မသိဟန်လုပ်၊ တစ်ခါတလေ ရယ်မောပြီး သူတို့အခန်းကို ကူး၊ ကွမ်းအစ်ဆွဲစား၊ နင့်ကို ပါးမရိုက်ဝံ့ဘူး၊ ငါ ရှိသေးတယ်၊ ငါ ခတ်ဆေးကလေးတစ်ခုလည်း လုပ်ပေးမယ်၊ ခတ်ဆေးက သာစွမ်းတယ်၊ ဂမုန်းကလေး လိုနေလို့၊ စစ်တွေက ဘုန်းကြီးတစ်ပါးဆီမှာ ရှိတယ်ပြောလို့ မှာထားတယ်၊ ဘယ်နေ့ အကော်ဆိုက်မယ် မသိဘူး"

"ဆရာ့ဟာက ဘယ်နေ့မှ မသေချာဘူး၊ ကျွန်မ ကြာကြာကြီး မနေနိုင်ဘူး၊ အိမ်လခတွေကလည်း စပေါ်အပြင် တစ်လခကျော်ကျော် အိမ်ရှင်အပေါ်မှာ ကျွန်မက ကြွေးနေလို့၊ နို့မဟုတ်ရင် ကျွန်မ ချက်ချင်းပြောင်းမှာပဲ"

mgyoe.com

mgyoe.com

"ဘောက်မယ်ကြောင့် ပြောင်းရမှာတုံး၊ အည့်ခံလို့၊ အလွန်ဆုံး တနင်္ဂနွေတစ်ပတ်ပဲ၊ ကိုင်း... နက်ဖြန်ခါ ငါ အင်းကလေးတစ်ခု ပေးမယ်၊ အဲဒီအင်းကလေးကို သူတို့အိပ်ရာအောက် သွားထိုး၊ ဒါမှ သေသေချာချာ စွမ်းတာ၊ တစ်ခါတည်း နင့်ကို ဘုရားလို ကိုးကွယ်စေမယ်"

"သူတို့အခန်းထဲကို ဝင်ရင် ကျူးလွန်မှုလုပ်ရင် ဘယ့်နယ်လုပ်မလဲ"

"ရယ်ရယ်မောမော ဒရော ဖောရောနဲ့ သွား၊ ရှေးဦးပထမ ကွမ်းအစ်ကို မတောင်းဘဲ စား၊ အင်းတစ်ခုကို ကွမ်းအစ်ထဲ ထည့်ခဲ့၊ တစ်ခုကိုတော့ အိပ်ရာအောက်မှာ ထား၊ မသိစေနဲ့"

"ကွမ်းအစ်ထဲက အင်းကို သူတို့တွေ့ရင် ကျွန်မကို မသင်္ကာဖြစ်မှာပေါ့"

"အင်းက ကွမ်းအစ်ထဲမှာ မနေဘူး၊ နင်ထည့်ပြီး ကွမ်းအစ်ကို ဖုံးသည်နှင့်တစ်ပြိုင်တည်း ထွက်ပြေးမှာပဲ၊ အိပ်ရာအောက်က အင်းလည်း ဒီလိုပြေးမှာပဲ၊ သူတို့အခန်းကို ဝင်တော့ ရယ်ရယ်မောမော ခေါ်ခေါ်ပြောပြောသာ ဝင်၊ သူတို့ နင့်ကို ဘာမှမလုပ်စေရဘူး၊ နင့်နဖူးမှာ ငါ ဝ ကွင်းပေးလိုက်မယ်"

ဆရာ အိမ်ကို ပြန်ပြီး သေးငယ်သော စက္ကူစကလေးတစ်ခုကို သတင်းစာရွက်မှ ဖြတ်ကာ လိပ်လေ၏။ ထိုနောက် မယ်ခင်ကို ခေါ်ပြီးပေး၏။ နဖူးကိုလည်း လက်ညှိုးဖြင့် ဝကွက်၍ပေး၏။ ထိုနောက် "သူတို့ ဘာလုပ်နေကြသလဲ" ဟု မေး၏။

"ကျွန်မ မသိဘူး၊ အခန်းထဲမှာတော့ တိုးတိုးစကားပြောနေကြတာပဲ"

"အဲ... ဝင်သာသွား၊ ရှင်ချို့တို့ ဘာဖြစ်နေကြတာလဲ ဘာလဲ

mgyoe.com

mgyoe.com

ပြောပြီး ရယ်ရယ်မောမော ဝင်သွား၊ နဖူးမှာ ဝကွက်ပြီးသား... မကြောက်နဲ့"

မယ်ခင်သည် ဆရာပြောတိုင်း လုပ်၏။ အခန်းထဲသို့ ရောက်သောအခါ ညီအစ်မ နှစ်ယောက်တစ်ယောက်က အိပ်ရာမှာ ဘေးစောင်းလဲ၍နေ၏။ တစ်ယောက်က ခေါင်းရင်းက ထိုင်လျက် နဖူးကို နှိပ်၍နေ၏။ မယ်ခင်သည် ကုလားထိုင်ပေါ်၌ တင်ထားသော ကြေးကွမ်းအစ်ကို ဖွင့်၍ ကွမ်းစားရင်း အင်းကို ထည့်၏။ ကွမ်းအစ်ကို ပိတ်ပြီး အိပ်ရာခြေရင်းသို့ သွားပြီး အိပ်နေသူ၏ခြေဖျားကို လက်နှင့်ဆုပ်ကိုင်ကာ 'အေးလို့ပါကလား' ဟု ပြောပြီး စောင်နှင့် ဖုံး၍ပေးပြီး အင်းကို အိပ်ရာအောက်သို့ သွင်းလိုက်၏။

ညီအစ်မနှစ်ယောက်သည် စကားမပြောဘဲ တစ်ယောက်ကို တစ်ယောက် ကြည့်ပြီး ပြုံးကြ၏။ တစ်ယောက်က...

"မယ်ခင်တို့များ ဘာပတ္တလာဂျီဖြစ်လို့ ဒီဘက်ခန်းကို မကူးသလဲ၊ အခုမှသတိရတာ၊ ဘယ်လင်ဆီ စိတ်ရောက်လို့လဲ" ဟု ပြော၏။

"ဘယ်မှ မရောက်ပါဘူးတော်၊ လူတစ်ခု ပူမှုက ဆယ်ကဋ္ဌေ ဆိုတာလို တစ်ခါတလေတော့လည်း တောင်တွေး မြောက်တွေးနဲ့ အမှတ်တမဲ့နေမိတာပဲ၊ ကျုပ်ကလည်း ရှင်တို့ညီအစ်မ အခုတလော ဘာများဖြစ်သလဲလို့"

"ဘာဖြစ်လို့လဲတော်... ဘာမှမဖြစ်ပါကလား၊ ဟိုမအေ... ကြောင့်ပေါ့၊ ရှင် မကြားဘူးလား"

"ဟင့်အင်း... မကြားပါဘူး၊ ဘယ်မအေလဲ"

"ဒီက မောင်တော်ပေါ့၊ ဓားထိုးမှုဖြစ်လို့ ချုပ်ထားတယ်တဲ့၊ ကုန်စရာလည်း ငွေမရှိဘူး"

mgyoe.com

mgyoe.com

"အဲဒါမှ အခက်၊ ကျုပ်တော့ ငွေ ၁၅ ကျပ် ရှိရဲ့၊ ဓာတုဗေဒနားကပ်ကလေးကို မရွှေစောက အတင်းဖြုတ်ယူပြီး ငွေအစိတ်ပေးတယ်၊ အခု ၁၅ ကျပ်ပဲ ကျန်တော့တယ်၊ လိုရင် သုံးတာပေါ့၊ အာမခံကလေး ဘာကလေးအတွက် အကုန်ခံရလိမ့်မယ်" ဟု ပြောကာ အိတ်ထဲမှ ထုတ်၍ ပေး၏။

ချစ်တီး အချုပ်က လွတ်လာ၏။

"မေခင့်ကျေးဇူးကို ကျွန်တော် တစ်သက်လုံး မမေ့ဘူး၊ မေခင့်အတွက်ဆိုရင် အသက်စွန့်မယ်၊ ကျွန်တော့်အစ်မကြီးကို ဘယ်လိုလူမှ မစော်ကားရဘူး၊ ဒီအရပ်ထဲမှာ လူမိုက်တွေက ဗိုလ်လုပ်နေတယ်၊ ကျွန်တော့်အစ်မကြီးကို မျက်စောင်းတစ်ချက်ထိုးရင် အူပေါက်စေမယ်" စသည်ဖြင့် ပြောလေ၏။

နောက်တစ်နေ့ မယ်ခင်နှင့် ဆရာ တွေ့ကြရာ မယ်ခင်က...

"ဟုတ်လိုက်တာ ဆရာ၊ ဆရာ့အင်း သိပ်စွမ်းတာပဲ၊ ကျွန်မကသနားလို့ သူတို့ကို ငွေ ၁၅ ကျပ်တောင် လှည့်လိုက်သေးတယ်" ဟု ပြောလေ၏။

မြန်မာ့အလင်း နှစ်သစ်မင်္ဂလာ
အထူးထုတ်သတင်းစာ၊ ဧပြီ၊ ၁၉၃၇

❑

mgyoe.com

mgyoe.com

ကျောက်ဆင်းတု

မိတ်ဆွေတစ်ယောက်ထံမှ ရရှိသောစာ...

ဆရာပီမိုးနင်းခင်ဗျား... ကျွန်တော်သည် ထူးဆန်းသော အရာတစ်ခုကို တွေ့ရှိရပါသည်။ ကျွန်တော်သည် ရာဇဝတ် ပြစ်မှုနှင့် ထွက်၍ ပြေးနေရသူတစ်ယောက် ဖြစ်ပါသည်။ သို့ ပြေးရင်း တောင်ပေါ်သို့ ရောက်၍ သွားပါကြောင်း၊ ၎င်းတောင်မှာ အဘယ်အရပ် အဘယ်ပြည် ဟူ၍ ကျွန်တော် ပြောပြလျှင် အလွန်တရာ လက်တံခြေတံရှည်သော ရန်ကုန် မြို့ စီအိုင်ဒီ၏လက်သည် ကျွန်တော့်ထံ လျင်မြန်စွာ ရောက်၍ လာမည်ကို ကျွန်တော် ကောင်းစွာ သိပါသည်။

၎င်းတောင်မှာ မြန်မာပြည်နှင့် အနီးအပါး ပြည်တစ်ပြည်၏ အကြားမှာရှိသော တောင်တစ်တောင် ဖြစ်ပါသည်။ ၎င်းအရပ်၌ အရိုင်းအစိုင်းများသာရှိသဖြင့် များစွာ ဆင်းရဲဒုက္ခကြုံတွေ့ရပြီး အတိုကို ရုံးရမည်ဆိုလျှင် ကျွန်တော့်ကို ဆင်းရဲဒုက္ခမှ ကယ်ဆယ်သူတစ်ယောက်နှင့် တွေ့ပါသည်။

mgyoe.com

mgyoe.com

ထိုလူ၏အမည်မှာ မောင်စောလှိုင်မဟုတ်ပါ။ သို့သော်လည်း ဆရာသည် ကျွန်တော် ပေးသည့်အတ္ထုပ္ပတ္တိကို ရေးသားမည် ဆိုလျှင် မောင်စောလှိုင် ဟူ၍သော်လည်းကောင်း၊ အခြား အမည်တစ်ခုခုဖြင့်သော်လည်းကောင်း ရေးသားနိုင်ပါသည်။ ကျွန်တော်သည်ကား ၎င်းကို မောင်စောလှိုင် ခေါ် ကျွန်တော်၏ အခြားမိတ်ဆွေတစ်ယောက်နှင့် တူသဖြင့် ကိုစောလှိုင် ဟူ၍ ခေါ်ခြင်းဖြစ်ပါသည်။

၎င်းသည် အရိုင်းအစိုင်းမကလေးတစ်ယောက်နှင့် ညား၍ နေသော ဝရမ်းပြေးတစ်ယောက်ဖြစ်လေရာ ၎င်း၏တဲသို့ ကျွန်တော်ရောက်၍ သွားပါကြောင်း။ ၎င်း၏တဲ၌ ကျွန်တော်သည် အလွန်လှပသော လက်တစ်ဖက်မပါသည့် ကျောက်ရုပ်တစ်ခုကိုတွေ့ရပါသည်။ ယခုပေးပို့လိုက်သော အတ္ထုပ္ပတ္တိသည် မောင်စောလှိုင်ပြော၍ပြသော ၎င်းကျောက်ရုပ်နှင့် ပတ်သက်သော အတ္ထုပ္ပတ္တိဖြစ်ပါသည်။

ဝရမ်းပြေး

အခန်း (၁)

ကျွန်ုပ်သည် ၎င်းလူထံမှ ရရှိသော အကြောင်းအရာများကို တွေ့ရှိစဉ်းစားလိုက်သောအခါ ဤလောကကြီးသည် အလွန်ပျော်စရာကောင်းသော လောကကြီးဖြစ်သည်ဟု အောက်မေ့လျက် ဤလောက၌ သေခြင်းသည် စင်စစ်အားဖြင့် သေခြင်းမဟုတ်၊ ခရီးသည်၏စခန်းဘူတာ အကူးအပြောင်းနှင့် လွန်စွာတူသည်ဟု တွေးမိပါကြောင်း။ ထိုဝရမ်းပြေး၏စာမှာ အရိုးခံအတိုင်း ရေးဖွဲ့ထားလေရာ ဖတ်၍ကောင်းအောင် အနည်းငယ်ပြုပြင်ပြီး ဝတ္ထုသွားနှင့် ရေးလိုက်ပါသည်။

mgyoe.com

mgyoe.com

နေမင်း၏အရောင်သည် ပူပြင်းသည့်သတ္တုရေပမာ ကောင်းကင်မှ သက်ဆင်း၍လာလေရာ ထူထပ်စိမ်းညို ပိတ်ကာ၍နေသော သစ်ကိုင်း သစ်ခက် သစ်ရွက်တို့၏အကြားမှ အနည်းငယ်ကွက်ကျား ကွက်ကျားမျှ ယိုဖိတ်လျက်ရှိနေလေ၏။

၎င်းယိုဖိတ်သော ကြေးဝါရောင် နေမင်း၏အဆင်း၌ ဝင်းခနဲ လက်ခနဲ သက်တံရောယှက်ကာ ဖြာခနဲ ဖြာခနဲ နဝရတ်ရောင်ကျသကဲ့သို့ ပြိုးပြိုးပြက် ခြေလက်လည်းမပါဘဲလျက် ကျောက်ဆောင်အဆင့်ဆင့်ပေါ်မှ ကျွမ်းလှိမ့်ကာ တဟားဟားရယ်မော၍လာသော အရာသည်ကား... တောင်ကျစမ်းရေတံခွန် တောင်ပန်းကြီး ဖြစ်လေသတည်း။

ကျောက်ဆောင်ပေါ်၌ လူသုံးယောက်သည် သေနတ်များကို အပါး၌ချကာ မောပန်းသည့် လက္ခဏာနှင့် တစောင်းလဲကာ သံချပ်ထိုးလျက် တပျော်တပါး ပွဲခံ၍သွားသော ရေများကို ကြည့်လျက် စကားမပြောဘဲ နေကြလေသတည်း။

၎င်းရေသံသည် လေထဲတွင် လူပ်ရှားသော သစ်ရွက် သစ်ခက်တို့နှင့် တောင်ခါးပန်းတစ်လျှောက်တွင် နပန်းသတ်ကာ စစ်ခင်း၍နေကြလေရာ ထိုအသံများသည် ငှက်သံ မျောက်သံများနှင့် တစ်ဖန်ရောစပ်လိုက်ပြန်သောအခါ လောကဓာတ် ဘင်ခရာ တူရိယာသံပမာ တစ်မျိုးပင် သာယာသဖြင့် မောပန်းသူသုံးယောက်တို့မှာ နားငြိမ့်၍နေကြလေ၏။

ထိုအခိုက်တွင် အထမ်းအပိုးနှင့် လာသော နောက်လိုက်နောက်ပါ သုံးလေးယောက်သည် ဆူညံစွာ ရောက်လာကြလေရာ သေနတ်သမားသုံးယောက်မှာ ကပျာကယာ ထကြလေ၏။ လိုက်ပါ၍ လာကြသူတို့အား ဖင့်နှေးကြောင်း၊ လမ်းမှား နေကြသလားဟု

mgyoe.com

mgyoe.com

တွေးပြီး စိတ်ပူနေကြကြောင်းနှင့် ပြောဆိုကြပြီး ပါလာသော စားစရာသောက်စရာတို့ကို ပြင်ဆင်၍ တောဖက်တောင်ဖက်များပေါ်၌ တင်ကာ မြိန်ရှက်စွာ စားသောက်ကြလေ၏။ စားသောက်၍ ပြီးကြသောအခါ စမ်းချောင်းထဲသို့ ဆင်း၍ ရေချိုးကြလေသတည်း။

ရေထဲသို့ ဆင်းကြလေရာ ၎င်းလူစုတွင် အမှူးဖြစ်သော စောလှိုင်သည် အခြား ကျောက်ဆောင် ကျောက်တုံးများနှင့် မဆက်လွတ်လပ်စွာ ရေထဲတွင် တလှုပ်လှုပ်နေသော သစ်တုံးကြီးနှင့်တူသော ကျောက်တုံးကြီးပေါ်၌ ထိုင်ကာ ကိုယ်လက် တိုက်ချွတ်၍နေလေ၏။

ထိုအခိုက်တွင် အရောင်လက်ပြောင်သော ကျောက်ခဲတစ်ခုကို ရေထဲမှရသဖြင့် စောလှိုင်သည် ထိုကျောက်ခဲကို ကိုင်ကြည့်ရာ မြိုင်စိန်လိုလို စိန်လိုလို မှတ်ထင်ရသဖြင့် ၎င်းကျောက်ခဲကို သေချာစွာကြည့်ရာတွင် အက်ကြောင်းတစ်ခုကို တွေ့ရှိရသောကြောင့် ၎င်းအက်ကြောင်းကို ခွဲ၍ ကြည့်ရလျှင် အတွင်း၌ အဘယ်သို့သောအရာ ဂို ၄ ဘွ့်ရမည်နည်းဟု သိလိုသောကြောင့် ၎င်းကျောက်ခဲကို မိမိထိုင်၍နေသော ကျောက်တုံးပေါ်တွင် ထု၍ခွဲလိုက်ရာ ကျောက်ခဲမှာ မကွဲဘဲ ကျောက်တုံးပဲ့၍သွားလေရာ လက်က ကျောက်ခဲကို လွှတ်ချပြီး ပဲ့သော ကျောက်တုံးကို ကြည့်ရာတွင် အလွန်လှပသော လက်နှင့်တူသော အရာတစ်ခုကို တွေ့ရလေ၏။

စောလှိုင်သည် ၎င်းအရာကို ကိုင်၍ကြည့်နေပြီးနောက် သန်မာသော လက်ဖြင့် ထိုအရာကို ကိုင်လှုပ်၍ ကြည့်လိုက်လေလျှင် ၎င်းကျောက်အစသည် ကျိုး၍ လက်ထဲ၌ပါလာသောကြောင့် သေချာစွာကြည့်လိုက်သောအခါ လွန်စွာအံ့ဩဖွယ်ကောင်းသောအရာကို တွေ့မြင်ရလေ၏။ အကြောင်းမူကား ထိုအရာသည် အကြောအခြင် အရေပြား အတွန့်.ကလေးများပါ ကောင်းစွာ ထင်ရှားသော ကျောက်လက်

mgyoe.com

mgyoe.com

ကလေး ဖြစ်၍ နေလေသတည်း။

စောလိုင်သည် လွန်စွာအံ့အား‌သင့်၍နေပြီး ထိုလက်ကို စိုက်ကာကြည့်လေရာ လက်ခလယ်တစ်ချောင်း မပါမရှိသည်ကို မြင်ရသဖြင့် ထိုလက်ခလယ်၏အငုတ်မှာ လတ်ဆတ်သည့် အကျိုးရာကို မြင်ရသဖြင့် ဆက်၍ကြည့်ရလျှင် အဘယ်မျှလောက် လှပသောလက်ဖြစ်မည်ကို သိလိုလှသဖြင့် ကျောက်တုံးကြီးအနီး၌ ရှာဖွေလေရာ ကံအားလျော်စွာ တွေ့ရသဖြင့် ၎င်း လက်ခလယ်၏အပိုင်းကို မိမိ၏လက်၌ တင်ကာ သေချာစွာကြည့်၍နေသောအခါ သာ၍ အံ့သြပြန်လေ၏။ အကြောင်းမူကား ထိုလက်၌ ကျောက်သားထဲတွင် မြုပ်လုခမန်းဖြစ်သော ပတ္တမြားလက်စွပ်ကို တွေ့မြင်ရလေသတည်း။

စောလိုင်သည် ထိုလက်ချောင်းကို ကျိုးသောနေရာ၌ ဆက်၍ကြည့်ရာ လွန်စွာလှပသော လက်ဖြစ်သည်ကို တွေ့ရှိရလေ၏။ သို့သော်လည်း မိမိတွေ့ရသော အခြင်းအရာကို မည်သူအား‌မျှ မသိစေရဘဲ ၎င်းကျောက်တုံးကြီးအနား‌မှ မခွာဘဲ ရေထဲတွင် စိမ်၍နေလေ၏။

ထိုအခိုက်တွင် အဖော်များသည် ရေမိုးချိုး၍ ပြီးကြသဖြင့် ကုန်းပေါ်သို့ တက်ကြပြီးလျှင် တုံးလုံးပက်လက် လှဲကြလျက် အသက်မွေး‌မှု တစ်ခုပညာ တစ်ပြည်နှင့်တစ်ပြည် ကူးသန်းလာကြသော သူတို့ကို လုယက်တိုက်ခိုက်ခြင်းအလုပ်အတွက် ရပေါက်ရလမ်းစခန်းစဉ်ကို ကြံစည်တိုင်ပင်ရင်း အိပ်ပျော်၍သွားကြလေသတည်း။

စောလိုင်သည် ၎င်းတို့ အိပ်ကြသည်ကို သိသောအခါ ကျောက်တုံးကြီးကို သေသေချာချာ စစ်ဆေး၍ ကြည့်လေရာ ထိုကျောက်တုံးကြီး‌မှာ အခြားကျောက်များနှင့်မတူ လူကိုယ်လုံးသဏ္ဌာန်လိုလို နေသည်ကို တွေ့ရှိရလေရာ ၎င်းကျောက်တုံးကို အခြား မာသောကျောက်ခဲတစ်လုံးနှင့် ထု၍ခွဲလေရာ ကျောက်များသည် အဖတ်လိုက် အဖဝါ

mgyoe.com

mgyoe.com

လိုက် ကွာ၍ကျလေလျှင် အတွင်း၌ သာ၍ မာသော ကျောက်သားကို တွေ့ရလေ၏။ ကွာ၍ကျသော ကျောက်သားမှာ အတွင်းကျောက်သား လောက် မမာ၊ အတွင်းကျောက်မှာ ကျောက်ဖြူပကတိဖြစ်၍ အပြင် ကျောက်မှာ ထိုအတွင်းကျောက်ကို ထူထပ်စွာ စွဲကပ်သော ရွှံ့များ၊ သဲများ၊ မြေများ ကာလကြာသဖြင့် မာ၍နေသော အကာကျောက်နှင့် တူလေ၏။

ထိုအကာကျောက်မှာ ကျောက်ခဲနှင့်ထုတိုင်း လွယ်ကူစွာ ကွာ၍ ကျလေရာ အချို့နေရာများမှာ ကျောက်ဆွေးတုံးပမာ လက်နှင့်ဖဲ့ရုံနှင့် ကွာ၍လာသဖြင့် အတွင်းကျောက်နှင့်အပြင်ကျောက်မှာ အဆန်နှင့် အခွံပမာ ခြားနား၍နေသဖြင့် အကယ်၍ ထိုကျောက်တုံးကြီးကို အားခွန်ကောင်းကောင်းနှင့် ကိုင်မြှောက်လူပ်ကာ၍ ကြည့်နိုင်သည် ဆိုလျှင် အတွင်းရှိ အဆန်ကျောက်သားမှာ လူပ်ရှား၍နေမည်ဟု မှတ် ထင်ရလေ၏။

စောလိုင်သည် ခွာတိုင်း ခွာတိုင်း အတွင်း၌ ချောပြောင်သော ကျောက်သားကို တွေ့ရှိရသဖြင့် ဆက်ကာ ဆက်ကာ ဘဲဥကို ထုခွဲ၍ ခွာသလို ဆက်လက်၍ ခွာလေရာ အတွင်းကျောက်၏ သဏ္ဌာန်သည် တစ်စတစ်စ ပေါ်၍လာလေ၏။ ထိုသဏ္ဌာန်မှာ ကိုယ်ခန္ဓာ၏ အောက် ပိုင်းဖြစ်လေရာ ခါး၊ တင်ပါး၊ ဖောင်းကားသော ဝမ်းစပ်နှင့် ပေါင်တစ် ခြမ်းဖြစ်သဖြင့် ဆက်လက်၍ခွာရာ ခါးမှ ခြေဖျားတိုင် အလွန်တရာမှ လှပကြော့ရှင်းသော ကိုယ်တုံးလုံးမိန်းမသဏ္ဌာန်ပေါ်၍လာလေ၏။

စောလိုင်သည် ထိုသဏ္ဌာန်ပြေပြစ်ကာ လှပခြင်းကို ကြည့်၍ ရှု၍ မငြီးသက့်သို့ဖြစ်ကာ အထက်သို့ ဆက်လက်၍ ခွာလေရာ လည်ပင်းအထိ ပေါ်လာပြန်လေလျှင် အလွန်တရာ အထူကောင်းသော ရှေးပန်းပုဆရာတစ်ယောက်၏ လက်ဖြင့် ထုလုပ်သော ကျောက်ရုပ်

mgyoe.com

ဖြစ်သည်ကို တွေ့ရှိရလေ၏။ ရင်ဘတ်မှာ အလွန်တရာပီသလေ၏။ နှစ်ပေါင်းရာထောင်ကုန်၍လာသော်လည်း အပေါ်၌ အကာလွှမ်းအုပ်သဖြင့် ပျက်စီးခြင်းမရှိဘဲ ပကတိ ထုလုပ်စအခါကကဲ့သို့ ရှိနေဟန်တူလေ၏။

စောလှိုင်သည် ထိုလှပကြော့ရှင်းသော ကျောက်ကိုယ်ကို ချစ်ကြိုက်၍လာသကဲ့သို့ ဖြစ်လေရာ ဤမျှလောက်လှသော ကိုယ်ခန္ဓာပိုင်ရှင်မျက်နှာသည် အဘယ်မျှလောက်လှပမည်ကို စဉ်းစားပြီး မျက်နှာမှာ ပျက်စီးခြင်းမဖြစ်ရလေအောင် အထူးသတိပြုကာ ဦးခေါင်းကို ခွဲလေရာ နောက်ဆုံး၌ မျက်နှာနှင့် ဦးခေါင်းသည် ပေါ်၍လာလေသတည်း။

ဦးခေါင်းမှာ ကပ်လျက်ရှိသော ဆံပင်၏ပုံပေါ်၌ ပန်းခွေကို တင်၍ ထားလေ၏။ ကျောက်ပန်းခွေမှာ လွန်စွာလှပသဖြင့် လှပသော နဖူး၌ မျက်ခုံးအနီးသို့တိုင်အောင် အုပ်နေလေရာ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်း၊ လည်တိုင်တို့မှာ လူပြည်တွင် တစ်ရံတစ်ခါမျှ မိမိမတွေ့ဖူးသော အလှ၏သဏ္ဌာန်ဖြစ်သည်ကို တွေ့ရှိရ၍ စောလှိုင်သည် ကြည့်ရင်းကြည့်ရင်း ထိုရုပ်ပုံကို တိုး၍ ချစ်ကြိုက်သလို ဖြစ်၍လာလေသတည်း။ ၎င်း၏ နှုတ်ခမ်းကလေးများသည် စောလှိုင်ကို ပြုံးလျက်ကြည့်၍နေသည်ဟု မှတ်ထင်ရလေ၏။ စောလှိုင်သည် မိမိ၏အဖော်များ ကို လှမ်း၍ကြည့်ပြီး ၎င်းကျောက်ရုပ်ကို ငုံ့၍နမ်းလေ၏။ ရေထဲ၌လဲအိပ်ကာ ထိုကျောက်ရုပ်ကို ပွေ့၍ထားလေ၏။ ထိုနောက် တအားပွေ့ထူကာ ချုံများ မိုးကာ၍ထားသော နေရာအောက်ရှိ သဲများပေါ်သို့ တင်ရန် အဆွဲမှာ အထက်ဖော်ပြခဲ့သော လက်စွပ်ဝတ်သည့်လက်မှာ ပြတ်ကျ၍ ကျန်ရစ်လေ၏။

၎င်းကျောက်ရုပ်ကို သေချာစွာ သဲပေါ်၌ထားပြီး သစ်ကိုင်းများ

mgyoe.com

mgyoe.com

နှင့်အုပ်ပြီးနောက် လက်မောင်းကို ရှာဖွေရာ မတွေ့သဖြင့် ၎င်းလက်မောင်းမှာ အဖျားရှိ လက်ချောင်းများလည်း မရှိတော့သည် ဖြစ်သောကြောင့် ရှိပါစေတော့ဟု စိတ်၌အောက်မေ့ပြီး မိမိ၏ဆင်းတုကို အတန်ကြာသွား၍ ကြည့်နေပြီးနောက် အိပ်ချင်သလိုလိုဖြစ်သဖြင့် ကုန်းပေါ်သို့တက်ကာ အဝတ်များကို ဝတ်ပြီး တစ်ခုသောနေရာ၌ ပက်လက်လှန်ရင်း ရရှိသောလက်စွပ်ကို ကြည့်၍နေလေသတည်း။ သို့ကြည့်၍နေရာမှ မိမိဆင်းတုထားခဲ့သော နေရာကို လှမ်း၍ကြည့်လိုက်သောအခါ ချုံများ လှုပ်ရှား၍လာသည်ကို မြင်ရလေသတည်း။

ထိုအခါ စောလိုင်သည် ထိတ်ခနဲဖြစ်ပြီး ချုံထဲက ဘာကောင်များ ထွက်၍လာမလို့ပါလိမ့်မလဲ၊ သစ်လား၊ ကျားလား၊ ဝံလား၊ အမဲသားကောင်လားဟု စဉ်းစား၍နေခိုက်တွင် ထွက်ပေါ်၍လာသော သဏ္ဌာန်ကို မြင်ရသောအခါ လွန်စွာအံ့အားသင့်၍ နေလေ၏။ အကြောင်းမူကား ထိုသဏ္ဌာန်သည် ဦးခေါင်း၌ ပန်းတွေဝေလျက် ဆံပင်ကို ဖားလျားချကာ ဝတ်လစ်စလစ် ပေါ်၍လာသော သဏ္ဌာန်ဖြစ်လေသတည်း။ ထိုသဏ္ဌာန်သည် ပြုံးရွှင်သောမျက်နှာနှင့် မိမိကို စိုက်ကာ ကြည့်၍ နေလေ၏။ မကြာမီ ဖြည်းညင်းသော လေပြည်သည် ခပ်ပြင်းပြင်းကလေး တွေ့တိုက်လှုပ်ရှား၍လာလေရာ မိန်းမပျိုကလေး၏ ဆံပင်မှာ လေထဲတွင် ဝဲပျံလျက် ဦးခေါင်း၌ ပန်၍ထားသော ပန်းများမှာ လေထဲတွင် လွင့်၍ကျတော့မလို ဖြစ်လေ၏။ ထိုမိန်းမပျိုကလေး၏ သဏ္ဌာန်မှာ မိမိတွေ့ရှိရသော ကျောက်ရုပ်၏ သဏ္ဌာန်နှင့် တစ်ထပ်တည်း တူ၍နေသဖြင့် စောလိုင်သည် အံ့သြ၍ နေလေ၏။

စောလိုင်သည် ၎င်းကို ပြန်၍ပြုံးလေရာ ၎င်းမိန်းမပျိုကလေးသည် အပါးသို့ ကပ်ရောက်၍လာပြီးလျှင် လက်တစ်ဖက်ကို မြှောက်

mgyoe.com

mgyoe.com

လိုက်သောအခါ ထိုလက်၌ ကလပ်နှင့်တူသော ငွေခွက်တစ်ခုကို မြင်ရလေ၏။ ထိုငွေခွက်ကို ၎င်းမိန်းမပျိုက စောလှိုင်အားပေးပြီး 'သောက်သောက်' ဟု ပြောသဖြင့် စောလှိုင်သည် ငွေခွက်ကို ကိုင်ယူ၍ နီဝင်းတောက်ပ ရွှေအဆင်းနှင့်တူလှသော မွေးကြိုင်သောအရသာကို မော့၍ သောက်လိုက်ရာ အလွန်တရာ ချိုမြိန်လေးနက်သော အရသာကို တွေ့ရှိရလေ၏။ မိန်းမပျိုကလေးသည်ကား ပြုံးလျက် ခွက်ကိုပြန်ယူပြီး စောလှိုင်၏အပါး၌ ပုဆစ်တုပ်ကာ ထိုင်လေ၏။ စောလှိုင်မှာ သောက်ရသော အရသာဖြင့် အလွန်တရာပျော်ရွှင်လျက် နှလုံးသွေး ကြည်လင်၍လာပြီး 'မင်း ဘယ်သူလဲ၊ မင်း ဘယ်အမျိုးအနွယ်လဲ၊ ဘယ်ကလဲ' ဟု မေးရင်း လှဲ၍နေရာမှထကာ ပျော့ပျောင်းချောညက်သော ကိုယ်ကို ရင်ခွင်ထဲသို့ ပွေ့ယူလိုက်လေ၏။ မိန်းမပျိုကလေးသည် မငြင်းမဆန်ဘဲ ပြုံးရွှင်သောမျက်နှာနှင့် မောင်စောလှိုင်၏မျက်နှာကို ကြည့်ကာ...

"ခု ကျွန်မပေးတဲ့ဆေးရည်က ရှင့်မှတ်ဉာဏ်သတိကို နိုးအောင်နှိုးတဲ့ဆေးပါ။ ရှင့်သတိဟာ ခုတင်က ကျောက်ဆင်းတုမှာ ကပ်နေတဲ့အပြင် ကျောက်သားတွေလို တစ်ခုခု ပိတ်ကာထားတာကို ခံနေရပါတယ်၊ အခု ကျွန်မပေးတဲ့ဆေးအစွမ်းကြောင့် အကာတွေကွာကျပြီးဟော... စိတ်ထဲမှာ လင်းပြီး မလာဘူးလား။

"ကိုမာလာ... ကျွန်မလေ မဇေနီလေ... သတိမရသေးဘူးလား၊ ဟော ဟော... သတိရလာပြီ၊ ရှင့်မျက်လုံးများ လင်းလာပြီ၊ ကိုင်း... မှတ်မိပြီလား၊ ဖေဖေတို့ မေမေတို့က ကျွန်မကို အခန်းထဲမှာ လှောင်ထားကြတယ်၊ ကျွန်မကို ကျွန်တစ်ယောက် ပြတင်းပေါက်က ချပေးလို့ ကိုမာလာဆီကို ကျွန်မ ပြေးလာခဲ့တယ်"

မောင်မာလာသည် နှစ်ဦးနှစ်ဖက် မိဘများက ခွဲ၍ထားသဖြင့် ကွဲ၍နေသောကြောင့် စိတ်ပျက်ကာ လူဆိုးမားပြတို့နှင့် ပေါင်းပြီး ဝိဇယ

mgyoe.com

mgyoe.com

မင်းသား၏ တပ်ထဲ၌ ပါဝင်လျက် ဆိုးချင်တိုင်းဆိုး၊ ပေချင်တိုင်းပေ၍ နေရာတွင် မိမိ၏ချစ်သွေး မဇေနီကလေးကို ပြန်၍ တွေ့ရသောအခါ အတိုင်းမသိ ဝမ်းသာလျက် ပွေ့ယူနမ်းရှုပ်ကာ...

"ကိုင်း နှမ... ယနေ့ကစပြီး နှမနဲ့မောင် ဘယ်တော့မှ မခွဲကြရတော့ဘူး" ဟု ပြောကာ မောင်မာလာသည် မိမိ၏လက်မှ ပတ္တမြားလက်စွပ်ကို ချွတ်ကာ မဇေနီ၏လက်ခလယ်သို့ စွပ်သွင်း၍ ပေးလိုက်လေ၏။

မဇေနီမှာ ထိုကဲ့သို့ မောင်မာလာနှင့် စကားပြောဆိုနေရင်း ရွှေငွေရတနာများနှင့် တစ်ကိုယ်လုံး ဆေး၍နေသော ဆာဒီလိုနှင့် ပါရစီမကလေးလိုလို ဖြစ်၍လာလေ၏။

မောင်မာလာလည်း အလွန်တရာ အဖိုးတန်သော ပိုးထည်ကိုယ်ရုံနှင့် ရောမလူမျိုး၏ပုံသဏ္ဌာန်လိုလို ဖြစ်၍နေလေ၏။

ထိုအခါ၌ ဝိဇယမင်းသား၏ တပ်စခန်းသည် မြို့ငယ်ကလေးတစ်ခုနှင့် မနီးမဝေး နေရာတစ်ခုတွင် စခန်းချ၍နေလေ၏။

နောက်တစ်နေ့၌ မောင်မာလာသည် မိမိ၏ချစ်သူဇနီး မဇေနီပါ ဝိဇယမင်းသားရှေ့တော်သို့ သွင်းပြီးလျှင် အကျိုးအကြောင်းကို ပြော၍ ပြလေရာ မင်းသားသည် များစွာဝမ်းမြောက်ဝမ်းသာဖြစ်လျက် နောက်တစ်နေ့တွင် တပ်ထဲတွင် ရဲမက်ဗိုလ်ပါအပေါင်းတို့ ခြံရံလျက် ကြီးစွာသော ထိမ်းမြားမင်္ဂလာပွဲကြီးကို ကျင်းပ၍ နေကြလေသတည်း။

ထိုအခိုက်တွင် ပြင်းထန်သောအသံများကို ကြားကြရလေရာ ထွက်၍ကြည့်ကြလျှင် မင်းသား၏ဖခင် သီဟဗာဟုဘုရင်မင်းမြတ်၏ တပ်ကြီး ဆိုက်ရောက်၍လာသည်ကို မြင်ကြရလေသတည်း။

စစ်ခရာသံတို့သည် တစ်မိုးလုံး ညံလေ၏။ မကြာမီ ဝိဇယမင်းသား၏တပ်ကို ဘုရင်မင်းမြတ်၏တပ်တော်သည် ခိုက်ရန်တိုက်

mgyoe.com

mgyoe.com

လေရာ ဝိဇယမင်း၏ တပ်သည်လည်း မမျှသောအင်အားနှင့် ခုခံလေ၏။ ညဉ့်နေဝင်ခါနီးအချိန်သို့ ကျရောက်၍ အနောက်ဘက်၌ နေစက်ဝန်းကြီးသည် တစ်ပိုင်းပြုတ်၍ သွားလေ၏။

စစ်မြေပြင်တစ်ခုလုံးမှာ အတုံးအရုံးနေကြသော လူသေကောင်တို့အလယ်၌ဖြစ်ကာ ဝိဇယမင်းသားသည် မိမိနောက်ပါ မသေကျန်ရှိသူများနှင့် လုံးပန်းပစ်ကာ လိုက်ပါ၍သွားရာတွင် မောင်မာလာသည် မဇေနီနှင့် အတူပါသွားလေသတည်း။

* * *

အခန်း (၂)

မာလဘာကမ်းခြေ၌ လူထုအင်အားမြောက်မြားစွာတို့သည် စုရုံးဆူညံ၍ နေကြလေ၏။ ခွဲခွာကြရမည်ဖြစ်သော ဆွေမျိုးဥာတိတို့သည် တစ်ယောက်ကို တစ်ယောက် ဖက်ကာ ငိုကြွေးကြလေ၏။ မှိုင်းညိုပိတ်ဆို့သော ကောင်းကင်သည် တစ်ကျွန်းအပြစ်ဒဏ်နှင့် သွားကြရမည့်သူတို့ အား တွေ့ကြုံလတ္တံ့သော ဘေးရန်အပေါင်းတို့၏ ကြီးကျယ်သော နိမိတ်ကို ပြသည်နှင့် တူလေ၏။ မကြာမီ လျှပ်စစ်မိုးပန်းတို့သည် တစ်ခဲနက်မြည်ချုန်းကာ ပြိုးပြိုးပြက်ပြက် လှုပ်ရှားကြလေ၏။ လျင်မြန်သော လေသည် ပင်လယ်ကို ကြွမြောက်၍ ပေးလေ၏။

ကမ်းခြေတစ်လျှောက်ရှိ သစ်ပင်တို့သည် လှုပ်ယမ်းကာ သွားကြရမည်ဖြစ်သော သူတို့ကို နှုတ်ဆက်ပြလေရာ ဘုရင်မြတ်၏ မယ်တော်မှာ နောက်တော်ပါရဲရွေအပေါင်းတို့နှင့် တစ်ခုသော ကျောက်စွန်း၌ ရပ်တန့်ကာ သားတော် ဝိဇယမင်းသားကို နှုတ်ဆက်ကြလေရာ မယ်တော်မှာ ပင့်လယ်ကမ်းခြေ၌ လူးလိမ့်ငိုကြွေးရှာလေသတည်း။

mgyoe.com

mgyoe.com

ထွက်ရမည့်အချိန်သည် နီးကပ်၍လာလေ၏။ ဖောင်များကို အဆင်သင့်ပြင်ပြီးကြလေ၏။ ထွက်ရန်အချိန်ကို ခရာသံနှင့် အချက်ပေးလေရာ ထွင်းဖောက်သော ထိုအသံသည် ဝိဇယမင်းသား၏ ဖောင်တော်ပေါ်သို့ ရောက်၍ ဇေနီမှာ အခြားဖောင်ပေါ်သို့ ရောက်လေရာ တစ်ယောက်ကို တစ်ယောက် လက်ပြရင်း လိုက်ပါ၍သွားကြလေ၏။

ဖောင်ပေါ်က လူများနှင့် ဆိပ်ကမ်းတွင် ကျန်ရစ်ကြကုန်သော လူအပေါင်းတို့ တကြော်ကြော်အော်ဟစ်နှုတ်ဆက် ငိုကြွေးမြည်တမ်းကြလေ၏။

ထိုအခါ လေကောင်းသဖြင့် ဖောင်များမှာ လျင်မြန်စွာ ကမ်းနှင့်ဝေး၍သွားကြပြီးနောက် နေထွက်သည်နှင့်တစ်ပြိုင်တည်း မာလဘာကမ်းခြေလည်း ကွယ်ပျောက်၍သွားလေသတည်း။

ပင်လယ်ထဲ၌ သုံးရက်ကျော်ခန့်ကြာလတ်သောအခါ လေပြင်းမုန်တိုင်းကျ၍ လာလေ၏။ မာလာ လိုက်ပါသော ဖောင်သည် ဇေနီလိုက်ပါသော ဖောင်နှင့် များစွာ ဝေးကွာ၍ သွားလေ၏။ ပင်လယ်လှိုင်းများသည် တောင်လိုမောက်၍ လာကြလေရာ တစ်ခုသောဖောင်မှ အခြားတစ်ခုသောဖောင်ကို မမြင်နိုင်အောင် ပိတ်ကွယ်ခြင်းကို ခံကြရလေ၏။

လေသည် မရပ်မနားဘဲ တိုး၍သာ လာလေ၏။ နေ့လယ်အချိန်သည် မည်းလွင်သော ကောင်းကင်ကြောင့် ညပမာဖြစ်၍နေလေ၏။ ဖောင်များသည် နီးကပ်အောင် ကြိုးစားကြသော်လည်း ဝေးကွာ၍သာ သွားလေ၏။ မာလာသည် ဖောင်ပေါ်၌ရပ်ကာ ကြည့်လေရာ တစ်ချက်တစ်ချက်တွင် မာလာကဲ့သို့ လည်ကိုဆန့်ကာ ရှူမျှော်၍နေသော ဇေနီ၏သဏ္ဌာန်ကို မြင်နိုင်လေသတည်း။

ထိုကဲ့သို့လေသည် သုံးနာရီခန့်ကြာစွာ ပြင်းထန်စွာ တိုက်လေ

mgyoe.com

mgyoe.com

ရာ ဇနီပါသော ဖောင်သည် ပျက်လုခမန်း လှုပ်ရှားနေသည်ကို မြင်ရ လေလျှင် မာလာ၏စိတ်၌...

"ထိုဖောင် ဓကန္တ ပျက်တော့မည်၊ ဤမျှလောက် ကြမ်းကြုတ်သော ပင်လယ်၌ ထိုးဖောက်ထိုးကျင်ခြင်းတို့သည် ဖရိုဖရဲဖြစ်အောင် လုပ်တော့မည်၊ ငါသည် ၎င်းဖောင်ကို ရောက်အောင် ကြိုးစားမှ ငါ၏ချစ်သူနှင့် သေလျှင်အတူ၊ လည်ကိုဖက်၍ သေရဖို့ရှိ၏" ဟု အောက်မေ့ကာ မည်သူမျှ တားဆီးအော်ဟစ်ခြင်းကိုမှ နားမထောင်၊ ဝိဇယမင်းသား၏ အမိန့်အာဏာကိုပင် ငြင်းပယ်ကာ... ဖောင်ပေါ်မှ ရေထဲသို့ ခုန်ဆင်းပြီးလျှင် အားရှိသလောက် စွန့်စားကာ လှိုင်းပေါ်တစ်လှည့် လှိုင်းအောက် တစ်ခါ မြုပ်ချည် ပေါ်ချည် ကူးရှာလေရာ ဖောင်ပေါ်က လူများသည် ၎င်းကို ခေတ္တမျှသာ သတိရကြလေ၏။

အကြောင်းမူကား မိမိတို့၏အသက်ဘေးအတွက်လည်း မာလာ၏အသက်ဘေးနှင့် မခြားမနား ပူပင်ကြရလေ၏။

ထိုကဲ့သို့ ကူးခိုက်တွင် ဇနီ၏ဖောင်သည် ပျက်စီး၍သွားလေ၏။ သို့ပျက်စီးသော်လည်း မာလာသည် ပင်လယ်လှိုင်းတို့၏ ပိတ်ကွယ်ခြင်းဖြင့် မမြင်ရချေ။ ကူးမြဲတိုင်းသာ ဆက်လက်၍ ကူးလေ၏။

ထိုကဲ့သို့ အတန်ကြာကူး၍နေရာတွင် လက်ပန်းခြေပန်း ကျ၍လာလေ၏။ မှောက်ခုံကူးရာမှ ပက်လက်လှန်၍ ကိုယ်ကို ဖော့ကူးလိုက်လေ၏။ ထိုကဲ့သို့ ဖော့၍ကူးလိုက်သောအခါ၌ လှိုင်းများထကြွသည်ကို မသိရ။ တစ်ခါတစ်ခါ၌ လင်းခနဲ၊ တစ်ခါတစ်ခါ ရေလွှမ်းသဖြင့် မိုက်ခနဲနေသည်ကိုသာ သိရလေသည်။ လင်းခနဲနေသည့်အခါ လှိုင်းထိပ်ပေါ်သို့ ရောက်လေ၏။ မိုက်ခနဲဖြစ်သောအခါ၌ လှိုင်းအောက်သို့ ရောက်လေ၏။ ထိုကဲ့သို့ မြင့်ချည် ကျချည်နေသည်ကို မူကား မိမိကိုယ်တိုင် မသိရချေ။ မျက်နှာပေါ်၌ မိုး၍နေသော မိုးမှာ

mgyoe.com

mgyoe.com

အမှတ်အသား တစ်စုံတစ်ရာ မရှိသဖြင့် လှိုင်းထဲ၌ မိမိကိုယ်ခန္ဓာကြွချည် ကျချည်နေသည်ကို သိဖို့ရန် ခက်လေ၏။ အကြောင်းမူကား လှိုင်းပေါ်၌ အငြိမ့်စီးသူတို့မှာ ပက်လက်နေလျှင် တက်ခြင်း၊ ကျခြင်း၊ တစ်စုံတစ်ရာကို မျက်စိဖြင့် ကြည့်ကာ နှိုင်းယှဉ်၍ မသိရသောကြောင့် ငြိမ့်သည်ကို မသိရချေ။

အတန်ကြာ ပက်လက်နေသောအခါ ကိုယ်သည် လေးလံ၍ မြုပ်တော့မည်ဖြစ်သောကြောင့် တစောင်းလှည့်၍ ရှေ့သို့ ထိုးခတ်လိုက်ရာ မာသောအရာတစ်ခုကို လက်နှင့်ထိမိသဖြင့် မြစွာ ကိုင်၍ထားရာ အတော်ကြီးမားထူထဲသော ပျဉ်ပြားကြီးဖြစ်သည်ကို သိရလေ၏။ ၎င်း ပျဉ်ပြားကြီးသာ မဟုတ်၊ ထိုပျဉ်ပြား၌ ကပ်ပါ၍နေသူမှာ မဇေနီဖြစ်သည်ကို တွေ့ရှိရသောအခါ မာလာမှာ အားတက်၍လာလေ၏။ လျော့သောအားတို့သည် အကုန်ပြန်ရောက်၍ လာလေ၏။ လက်တစ်ဖက်က ပျဉ်ကို ကိုင်လျက် တစ်ဖက်က ဇေနီကို မ, လေ၏။

ဤနေရာ၌ မောင်စောလှိုင်၏ စိတ်တော်မှာ မိုက်မှောင်ကြီးသို့ ဝင်နေသဖြင့် အဘယ်ပုံဖြစ်လေသည်ဟု မမှတ်မိဘဲ နေလေ၏။

အဘယ်နည်း အဘယ်ပုံဖြစ်သည်ဟု မသိရဘဲ ဇေနီနှင့် မာလာသည် တစ်ယောက်၏လက်ကို တစ်ယောက်ဖက်ကာ တစ်ခုသော တောင်ခြေရင်းသို့ ရောက်၍နေကြလေသတည်း။

၎င်းတောင်ခြေရင်း၌ မွတ်သိပ် ဆာလောင်ခြင်းဖြစ်ကြသဖြင့် စားစရာ လိုက်လံရှာဖွေကြလေလျှင် အုန်းတော သစ်တောသို့ ရောက်ကြလေရာ လူတစ်ရပ် လက်ခုပ်တစ်ဖောင်မျှမြင့်သော အုန်းပင်မျိုးများမှ အုန်းသီးများကို ခူးဆွတ်ကာ ကျောက်ခဲများနှင့် အခွံကို ထုချေ၍ စားကြရလေ၏။

ထိုကဲ့သို့ စားသောက်၍ပြီးသည်နောက် စမ်းချောင်းတစ်ခုမှ

mgyoe.com

mgyoe.com

ရေကို သောက်ပြီး နှစ်ယောက်လည်ချင်းယှက်ကာ အိပ်ကြလေ၏။ အိပ်ရာမှ ဆူညံသောအသံများဖြင့် လန့်၍နိုးကြလေ၍ ထိုအသံများသည် အဘယ်သို့သော အသံများဖြစ်ကြသည်ကို နားထောင်၍နေကြစဉ် ၎င်းအသံများသည် နီးကပ်၍လာသဖြင့် လိုက်၍ကြည့်ရှုရာ တောင်ပေါ်နှင့် တောင်အောက် အပြင်းအထန် တိုက်ခိုက်၍နေကြသော ကြက်တောင်စိုက် လူရိုင်းတွေကို မြင်ရလေ၏။ ထိုလူရိုင်းများသည် တောင်စောင်းတစ်လျှောက်လုံးမှာ မည်း၍နေကြလေ၏။ လုံတွေ မားတွေ အရောင်သည် နေရောင်တွင် လျှပ်စစ်ပြက်သလို တဝင်းဝင်း တပြောင်ပြောင် တောက်ပ၍နေလေ၏။ အထက်မှ အောက်သို့ လှိမ့်၍ချသော ကျောက်တုံးကြီးများသည် မိုးချုန်းသလို မြည်၍ သက်ဆင်းကျလာလေ၏။ အာကာသ ကောင်းကင်၌မြှားတို့သည် ဝင်းခနဲ လက်ခနဲ ပြိုးပြိုးပြက် တစ်ခဲနက်သောအရောင်နှင့် ပျံသန်း၍ နေကြလေ၏။

ထိုအခါ မာလာနှင့် ဇနီသည် ကြောက်မက်ဖွယ်ကောင်းသော လက်နက်ဘေးမှ လွတ်လိုရန်တစ်ခုသော ချောက်ထဲသို့ ဝင်ကြရလေ၏။ မိုးချုန်းသံနှင့်တူသော ကျောက်တုံးလှိမ့်သံတို့သည်ကား မရပ်မစဲ မြည်၍သာ နေလေ၏။ သားရဲတိရစ္ဆာန်တို့၏အသံနှင့်တူသော လူရိုင်းတို့၏ အသံသည် အသည်းနှလုံးကို တုန်လှုပ်စေ၏။

အသံတို့သည် တိုးတက်နီးကပ်၍ လာကြလေ၏။ ထိုအခါ မာလာသည် ဇနီကို ချောက်ထဲ၌ ထားခဲ့ပြီး ထွက်၍ကြည့်လေရာ တောင်အောက်ရှိ လူရိုင်းများသည် စစ်ရေးနိမ့်လျက် ကစဉ့်ကရဲ ပြေးကြသည်ကို မြင်ရလေ၏။

၎င်းတို့ကို ကြည့်၍နေခိုက်တွင် လူရိုင်းတစ်ယောက်သည် တောင်ပေါ်မှ လိမ့်၍ကျလာရာ မာလာ၏အနီးသို့ ရောက်၍လာပြီး ဒဏ်ရာနှင့် သေလေ၏။ မာလာသည် ကပျာကယာ ၎င်းကိုယ်၌ရှိသော

mgyoe.com

လက်နက်များကို ဖြုတ်ယူကာ မိမိကိုယ်၌ တပ်ဆင်ပြီးလျှင် အထက်ထက်က ဝီဇယမင်းသား၏ တပ်၌ အမှုထမ်းခဲ့သဖြင့် များစွာကျင်လည်ပြီးသော လေးအတတ်ကို အသုံးပြုကာ ရှုံးသူတို့ဘက်မှနေ၍ ခုခံတိုက်ခိုက်လေ၏။

မိမိ၏မြားတစ်စင်းအရှိန်သည် အခြားလူရိုင်းတို့၏ မြားအစင်းတစ်ရာလောက် ပြင်းထန်သဖြင့် စစ်ရေးသာ၍လာသော လူရိုင်းတပ်မှာ ရုတ်တရက်အံ့အားသင့်ပြီးလျှင် တန့်ရပ်၍ သွားလေ၏။ အရေးနိမ့်၍ ပြေးကြသော လူရိုင်းများမှာလည်း ရုတ်တရက်ချက်ချင်း စစ်တပ်ကို ဘီလူးဝင်၍ ကူသလိုဖြစ်ကာ အားတက်လျက် ဆုတ်ခွာသော ဒီလှိုင်းသည် တစ်ဟုန်တည်း အရှိန်နှင့် ပြန်၍ ရိုက်သလို တောင်ခြေသို့ ပြန်၍ကပ်ရုံမက ခေါင်းဆောင်သော မာလာ၏နောက်မှ စုရုံး၍ ရောက်ကြလေ၏။

မာလာသည် တောင်ပေါ်ရှိ လူရိုင်းတို့ကို ပစ်၍ချလေရာ လူရိုင်းများလည်း မြားသင့်သည့် မျောက်တွေအလား အတုံးအရုံး လိမ့်လျှောသက်ဆင်း၍ ကျလေ၏။

အတန်ကြာသောအခါ မာလာ၏တပ်သည် တောင်ခုလတ်သို့ ရောက်လေလျှင် ပထမအရေးသာသော တပ်သည် ပြိုကွဲပျက်စီးလွင့်ပါး၍ ကွယ်ပျောက်၍သွားလေ၏။

လူရိုင်းများသည် မာလာကို ဝိုင်းရံရှိခိုးကြလေ၏။ လူရိုင်းဗိုလ်ကြီးသည် မာလာ၏ခြေကို ငုံ့နမ်းလေ၏။ မာလာသည် ခါးထောက်ကာ ၎င်းလူရိုင်းဗိုလ်၏ ကျောပေါ်သို့ မိမိ၏ခြေကို တင်လေ၏။ ထိုအခါ လူရိုင်းအပေါင်းတို့သည် သာ၍ ကြောက်ရွံ့ရိုသေကြလျက် မြေကို နဖူးနှင့် တိုက်ကာ အရိုအသေပေးလေသတည်း။

ထိုနောက် မာလာသည် ဇေနီကို သတိရသဖြင့် တောင်ပေါ်မှ

mgyoe.com

mgyoe.com

နောက်ပါလူရိုင်းများနှင့်အတူ ဆင်း၍လာပြီး ဇေနီကို ချောက်ထဲ၌ ရှာလေ၏။

လူရိုင်းတို့သည် ဇေနီကို တွေ့ကြသောအခါ ဦးနှိမ်ချကာ အရိုအသေ ပေးကြပြီးလျှင် တောပန်းတို့ကို ခူးကာ ဝါးများကို ခုတ်ကြလျက် ပြာသာဒ်ပြုလုပ်ကာ ဇေနီနှင့် မာလာကို တင်ကြပြီးလျှင် တောင်သုံးလုံးကို ကျော်၍ ဆောင်ယူသွားကြလေရာ သစ်တပ်ဖြင့် ခိုင်လုံစွာ ဆောက်လုပ်၍ထားသော မြို့သို့ ရောက်ကြလေ၏။ ထိုအခါမှ ဤမာလာနှင့် ဇေနီသည် ၎င်းမြို့တွင် မင်းလုပ်အုပ်ချုပ်၍ နေကြလေသတည်း။

သို့အုပ်ချုပ်၍နေရာ နှစ်ပေါင်း အတော်ကြာ၍ သွားလေ၏။

တစ်နေ့သ၌ မာလာနှင့် ဇေနီသည် နောက်ပါအခြွေအရံများနှင့် တောကစားသွားရာတွင် မြွေပေါက်၍ ဇေနီသေဆုံးလေရာ မာလာမှာ မိမိ၏မယားအလောင်းကို မစွန့်ရက် မခွာချင် ဖြစ်သဖြင့် ထိုနေရာ၌ ဇေနီ၏ရုပ်ပုံကို ကျောက်ဖြူဖြင့် ထုလုပ်၍ ၎င်းရုပ်တု၏လက်မှာ ဇေနီ၏လက်မှ လက်စွပ်ကို တပ်၍ပေးပြီး ခိုင်လုံသော အဆောက်အအုံ၌ ထိုကျောက်ရုပ်ကို တင်ထားကြလေသတည်း။

မာလာသည် ထိုကျောက်ရုပ်ကို ဖက်ကာ ငိုကြွေး၍နေခိုက်တွင် 'အရှင်မင်းကြီး ဤကျောက်ရုပ်ဆင်းတုကို တပ်မက်စွဲလမ်း၍ နေတော်မူသဖြင့် တိုင်းပြည်အုပ်ချုပ်ခြင်းအရေးကို မေ့လျော့ကာ နေဖို့ မသင့်၊ ပြည်တော်ကို ပြန်တော်မူပါဦးဘုရား' ဟု ခြေကို ကိုင်ကာ အမတ်ကြီးတစ်ပါးက တောင်းပန်သဖြင့် ကြေကွဲသောစိတ်နှင့် အားယူကာ ထလိုက်လေလျှင် စောလိုင်၏အဖော် ဓားပြများသည် အထုပ်အပိုးများ ပြင်ကာ ခရီးဆက်လက်၍သွားရန် အသင့်ရှိကြသည်ကို တွေ့မြင်ရလေသတည်း။

ထိုအခါ စောလိုင်သည် နေကို ကြည့်လိုက်သောအခါ မိမိ

mgyoe.com

mgyoe.com

အိပ်မပျော်မီ အမှတ်အသားပြု၍ထားသော နေရာမှ တစ်ထွာခန့်သာ အောက်သို့တက်သဖြင့် နာရီဝက်မျှ ကြာစွာ မအိပ်ရသေးကြောင်း သိရလေသတည်း။

စောလှိုင်သည် ထိုအခါမှစ၍ ထိုကျောက်ရုပ်ကို တပ်မက်ကာ ထိုအရပ်မှမသွားဘဲ မိမိ၏လူများနှင့် အတည်တကျ နေထိုင်လေရာ တစ်နေ့သောနေ့၌ အရိုင်းအစိုင်းများနေသော ရွာထဲသို့ရောက်၍သွားရာတွင် ၎င်းကျောက်ရုပ်နှင့် များစွာအသွင်တူသော အရိုင်းမကလေးတစ်ယောက်ကို တွေ့ရသဖြင့် ထိုအရိုင်းမကလေးနှင့် အကြောင်းပါပြီးလျှင် ထိုကျောက်ရုပ်ကို အိမ်ဦးခန်း၌ထားကာ ယဉ်ကျေးသော လူ့ရုပ်ရှာသို့ မပြန်ဘဲ တောတောင်အရိုင်းအစိုင်း ဓလေ့အတိုင်း ပျော်ပိုက်၍ နေလေသတည်း။

ကဝိမျက်မှန်မင်္ဂဇင်း၊
အတွဲ (၂)၊ အမှတ် (၄)၊ ဇူလိုင် ၁၉၂၀

❑

mgyoe.com

mgyoe.com

mgyoe.com